# လူဇင်ဘတ်နိုင်ငံဆိုင်ရာအချက်အလက်များ

၁။ လူဇင်ဘတ်နိုင်ငံသည် အနောက်ဥရောပတွင်ရှိသော ကုန်းတွင်းပိတ်နိုင်ငံတစ်နိုင်ငံဖြစ်သည်။ ဘယ်လ်ဂျီယမ်နိုင်ငံ၊ ပြင်သစ်နိုင်ငံ၊ ဂျာမနီနိုင်ငံတို့နှင့် နယ်နိမိတ်ချင်းထိစပ်လျှက်ရှိသည်။ နိုင်ငံ၏တရားဝင်အမည်မှာ Grand Duchy of Luxembourg ဖြစ်သည်။ မြို့တော်မှာ Luxembourg City ဖြစ်ပြီး ဥရောပသမဂ္ဂအဖွဲ့ ကြီးမြို့တော်(၃)ခုအနက်မှတစ်ခုဖြစ်သည်။ ဥရောပတရားရုံးချုပ်ရုံးစိုက်ရာ မြို့တော်လည်းဖြစ်သည်။ လူဇင်ဘတ်သည် ၂၅၈၆ စတုရန်းကီလိုမီတာ (၉၉၉ စတုရန်းမိုင်) ခန့်ကျယ်ဝန်းပြီး လူဦးရေ ၅၇၆,၂၄၉ ဖြစ်သည်။ နိုင်ငံအကျယ်အဝန်းသည် မြန်မာနိုင်ငံ ၏အသေးငယ်ဆုံးပြည်နယ်ဖြစ်သည့် ကယားပြည်နယ်ထက် ၄ဆနီးပါးခန့် သေးငယ်သည်။ လူဦးရေအားဖြင့် ချင်းပြည်နယ်၏လူဦးရေခန့်သာရှိပါသည်။



## သမိုင်းကြောင်း

၂။ လူဇင်ဘတ်နိုင်ငံသည် ယခုအခါ ဂျာမနီနှင့်ပြင်သစ်နိုင်ငံကို ခြားထားသော တိုင်းပြည်ငယ်ဖြစ်သော်လည်း ၁၃၄၇ ခုနှစ်မှ ၁၄၃၇ ခုနှစ်အထိ စိုးစံခဲ့သော လူဇင်ဘတ်မင်းများမှာ ဘိုဟီးမီးယားဘုရင်များဖြစ်ကြ၍ ရောမသာသနာစောင့်နိုင်ငံတော်ကြီးကိုလည်း ထိုသူတို့အုပ်စိုးခဲ့ရသည်။ ၁၅ ရာစုနှစ်မှစ၍ လူဇင်ဘတ်နိုင်ငံကို ဗာဂန်ဒီ၊ ဩစတြီးယား၊ ပြင်သစ်နိုင်ငံနှင့် ဒပ်ချ်တို့က အုပ်စိုးခဲ့ကြ၍ ၁၈၄၂ ခုနှစ်တွင် လူဇင်ဘတ်သည် ဂျာမန် အကောက်ခွန်သမဂ္ဂ(German Customs Union) နှင့်ပူးပေါင်းခဲ့သည်။ ထိုကဲ့သို့ပူးပေါင်းခဲ့ခြင်းကြောင့် လွတ်လပ်သောကုန်သွယ်ခွင့် အခွင့်အရေးများရရှိခဲ့ပြီး လူဇင်ဘတ်စတီး ထုတ်လုပ်ရေးလုပ်ငန်းအား များစွာဖွံ့ဖြိုးစေခဲ့သည်။ ၁၈၅၅ခုနှစ်နှင့်၁၈၇၅ ခုနှစ်များအတွင်း လူဇင်ဘတ်ရထားလမ်းကွန်ယက်မှာ များစွာကျယ်ပြန့်လာခဲ့သည်။ ထိုကဲ့သို့ ကျယ်ပြန့်လာမှုကြောင့် အခြားဥရောပစက်မှုထွန်းကားသည့် နိုင်ငံများနှင့်ဆက်သွယ်ရေးမှာ ပိုမိုကောင်းမွန်လာခဲ့သည်။

၃။ ၁၉၁၄ ခုနှစ်၊ ပထမကမ္ဘာစစ်တွင် လူဇင်ဘတ်သည် ကြားနေခဲ့သော်လည်း ဂျာမန်တပ်များ ပြင်သစ်ကိုတိုက်ခိုက်ရန်အတွက် လူဇင်ဘတ်ရထားလမ်းကွန်ယက်အား အသုံးပြုခွင့်ပေးခဲ့ရသည်။ ဒုတိယကမ္ဘာစစ်တွင်လည်း ဂျာမန်တို့သိမ်းပိုက်ခြင်းကိုခံခဲ့ရပြီး ၁၉၄၄ ခုနှစ်၊ စက်တင်ဘာလတွင် ဂျာမန်တို့လက်အောက်မှလွတ်မြောက်ခဲ့ကာ ၁၉၄၅ ခုနှစ်တွင် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးအား စတင်တည်ထောင်ရာတွင်ပါဝင်သည့် အဖွဲ့ဝင်နိုင်ငံဖြစ်လာသည်။ ၁၉၄၈ ခုနှစ်တွင် လူဇင်ဘတ်နိုင်ငံ၏ ဘက်မလိုက်ကြားနေမူဝါဒ အဆုံးသတ်သွားခဲ့ပြီး ၁၉၄၉ ခုနှစ်တွင် နေတိုးအဖွဲ့ကြီးအား

စတင်တည်ထောင်သည့် အဖွဲ့ဝင်နိုင်ငံဖြစ်လာခဲ့သည်။ ၁၉၉၃ ခုနှစ်တွင် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံဖြစ်လာသည်။

## အစိုးရနှင့်နိုင်ငံရေး

၄။ ကိုယ်စားပြုဒီမိုကရေစီစနစ်နှင့် စည်းမျဉ်းခံဘုရင်စနစ် ကျင့်သုံးသောနိုင်ငံဖြစ်ပြီး အုပ်ချုပ်သူမှာ နယ်စားထက်မြင့်ပြီး ဘုရင်ထက်နိမ့်သော Grand Duke ဖြစ်သည်။ ကမ္ဘာပေါ်တွင် Grand Duke အုပ်ချုပ်သော တစ်ခုတည်းသောနိုင်ငံဖြစ်သည်။ ၁၈၆၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရ Grand Duke နှင့် အစိုးရအဖွဲ့သည် အုပ်ချုပ်ရေးအာဏာပိုင်များဖြစ်သည်။ လက်ရှိ Grand Duke မှာ Henri ဖြစ်ပြီး၊ ဝန်ကြီးချုပ်မှာ Xavier Bettel ဖြစ်သည်။



Grand Duke Henri

၅။ ဥပဒေပြုရေးပိုင်းတွင် Chamber of Deputies ခေါ် လွှတ်တော် တစ်ရပ်ရှိပြီး ကိုယ်စားလှယ် (၆၀)ဦးပါဝင်သည်။ အဆိုပါကိုယ်စားလှယ် များအား မဲဆန္ဒနယ် (၄)ခုမှ တိုက်ရိုက်ရွေးကောက်တင်မြှောက်ပြီး (၄) နှစ်သက်တမ်းဖြစ်သည်။ အခြားသော ဥပဒေပြုရေးအဖွဲ့အစည်းတစ်ရပ်မှာ နိုင်ငံတော်ကောင်စီဖြစ်ပြီး Grand Duke မှရွေးချယ်ခန့်အပ်ထားသော သာမန်အရပ်သား (၂၁)ဦးဖြင့်ဖွဲ့စည်းထားသည်။ နိုင်ငံတော်ကောင်စီသည် Chamber of Deputies အား ဥပဒေပြုရေးပိုင်းဆိုင်ရာ လိုအပ်သောအကြံ ဉာဏ်များပေးပါသည်။

## စီးပွားရေး

၆။ လူဇင်ဘတ်နိုင်ငံသည် တည်ငြိမ်ပြီးဖွံ့ဖြိုးသော ဈေးကွက်စီးပွားရေး စနစ်အား ကျင့်သုံးလျက်ရှိပြီး၊ ငွေကြေးဖောင်းပွမှုနှုန်းမှာ အလွန်နည်းပါး ပါသည်။ သို့သော်လည်း ၂၀၀၈ ခုနှစ်၊ ကမ္ဘာ့ငွေကြေးပြဿနာကြောင့် ၂၀၁၂ ခုနှစ်တွင် သမိုင်းတစ်လျှောက်အမြင့်ဆုံးဖြစ်သော ငွေကြေးဖောင်းပွမှု ၆.၁ ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့သည်။ ၂၀၁၁ ခုနှစ် ကမ္ဘာ့ငွေကြေးအဖွဲ့၏ စစ် တမ်းအရ လူဇင်ဘတ်သည် ကမ္ဘာပေါ်တွင် ဒုတိယမြောက်အချမ်းသာဆုံး နိုင်ငံဖြစ်သည်။ စီးပွားရေးလွတ်လပ်ခွင့်တွင် ကမ္ဘာ့ ၁၃ နိုင်ငံမြောက်တွင် ရှိပြီး၊ လူသားဖွံ့ဖြိုးမှုအညွှန်းကိန်းတွင် ၂၆ နိုင်ငံမြောက်ဖြစ်သည်။

၇။ ကုန်ထုတ်လုပ်ငန်းတွင် ၁၉၆၀ ပြည့်လွန်ကာလများအထိ သံမဏိ ထုတ်လုပ်မှုသည် အဓိကလုပ်ငန်းဖြစ်သော်လည်း နောက်ပိုင်းတွင် ဓာတု ပစ္စည်းထုတ်လုပ်မှု၊ ရာဘာထုတ်ကုန်နှင့် အခြားကုန်ထုတ်လုပ်ငန်းဖွံ့ဖြိုး လာခဲ့သည်။ ဝန်ဆောင်မှုလုပ်ငန်းများမှာ ဘဏ်လုပ်ငန်းနှင့် ငွေကြေးဆိုင် ရာလုပ်ငန်းများဖြစ်သည်။ အမေရိကန်ပြည်ထောင်စုပြီးနောက် ဒုတိယ

အကြီးဆုံးရင်းနှီးမြှုပ်နှံမှု ရံပုံငွေဌာနကြီးလည်းဖြစ်သည်။ ဥရောပရှိဘဏ်များနှင့် အာမခံလုပ်ငန်းများ၏ ဗဟိုချက်နေရာလည်းဖြစ်သည်။ လူဇင်ဘတ်အစိုးရသည် အင်တာနက်ဆက်စပ်လုပ်ငန်းများကိုလည်း စွဲဆောင်လျက်ရှိပြီး Skype နှင့် Amazon တို့အပါအဝင် ကုမ္ပဏီမြောက်များစွာ၏ဒေသဆိုင်ရာရုံးချုပ်များအား လူဇင်ဘတ်သို့ပြောင်းရွှေ့အခြေစိုက်လျက်ရှိသည်။

၈။ ၂၀၁၀ ပြည့်နှစ်တွင် Sunday Telegraph သတင်းစာ၏ဖော်ထုတ်ချက်အရ မြောက်ကိုရီးယားခေါင်းဆောင်ကင်ဂျုံအီ၏ ငွေကြေးအမေရိကန်ဒေါ်လာ ၄ ဘီလီယံအား လူဇင်ဘတ်ဘဏ်များတွင် လျှို့ဝှက်စာရင်းများ ဖွင့်လှစ်အပ်နှံထားကြောင်း သတင်းများထွက်ပေါ်ခဲ့သည်။ လူဇင်ဘတ်နိုင်ငံ၏ အနီးကပ်ဆုံးကုန်သွယ်ဘက်နိုင်ငံများမှာ ဘယ်လ်ဂျီယံနှင့် နယ်သာလန်နိုင်ငံတို့ဖြစ်သည်။ ဂျီဒီပီမှာ အမေရိကန်ဒေါ်လာ ၆၀.၁၇၆ ဘီလီယံဖြစ်ပြီး၊ တစ်ဦးချင်းဝင်ငွေ အမေရိကန်ဒေါ်လာ ၁၀၄,၃၅၉ ဖြစ်သည်။ ငွေကြေးမှာ ယူရိုငွေကြေးစနစ်အား သုံးစွဲလျက်ရှိသည်။

## လူမှုရေး

၉။ လူဇင်ဘတ်နိုင်ငံ၏ပင်ရင်းလူမျိုးများမှာ Luxembourger လူမျိုးများဖြစ်သည်။ ၂၀ ရာစုကာလများတွင် ဘယ်လ်ဂျီယံ၊ ပြင်သစ်၊ ဂျာမဏီ၊ အီတလီနှင့်ပေါ်တူဂီနိုင်ငံများမှ ပြောင်းရွှေ့အခြေချနေထိုင်သူများတိုးပွားလာခဲ့ပြီး ၂၀၁၃ ခုနှစ်တွင် ပေါ်တူဂီလူမျိုးအနွယ်ဝင် ၈၈,၀၀၀ ခန့်အထိ အခြေချနေထိုင်လျက်ရှိသည်။ ဂျစ်ပစီနှင့် ဂျူးလူမျိုးအချို့လည်း နေထိုင်လျက်ရှိပြီး ၄င်းတို့သည် ဒုတိယကမ္ဘာစစ်ကာလကတည်းက ပြောင်းရွှေ့အခြေချခဲ့ခြင်းဖြစ်သည်။ ယူဂိုဆလားဗီးယားပြည်ထောင်စုပြိုကွဲပြီးနောက်ပိုင်း ဆားဘီးယား၊ ဘော့စနီးယားနှင့် ဟာဇီဂိုးဗီးနား၊ မွန်တီနီဂရိုးနိုင်ငံ

များမှ ဝင်ရောက်လာသူများ တိုးပွားလာခဲ့သည်။ နှစ်စဉ်ပြောင်းရွှေ့အခြေချ နေထိုင်သူ ၁၀,၀၀၀ ခန့်ရှိသည်ဟု ခန့်မှန်းရပါသည်။ အများအားဖြင့် EU နိုင်ငံများမှ ဖြစ်ပါသည်။ ၂၀၀၀ ပြည့်နှစ်တွင် ပြောင်းရွှေ့အခြေချနေထိုင်သူ ၁၆၂,၀၀၀ ခန့်ရှိပြီး နိုင်ငံ့လူဦးရေ၏ ၃၇ ရာခိုင်နှုန်းဖြစ်ပါသည်။

၁၀။ နိုင်ငံအတွင်း အများဆုံးကိုးကွယ်သောဘာသာမှာ ရိုမန်ကတ်သိုလစ်ဘာသာဖြစ်ပြီး လူဦးရေ၏ ၆၈ ရာခိုင်နှုန်းအထိကိုးကွယ်ကြပါသည်။ အခြားကိုးကွယ်သောဘာသာများမှာ ပရိုတက်စတင့်၊ အော်သိုဒေါ့စ်၊ အစ္စလာမ်နှင့်ဗုဒ္ဓဘာသာတို့ဖြစ်ပါသည်။ လူဇင်ဘတ်နိုင်ငံသည် ဥရောပတွင် ယမကာရောင်းချမှု အများဆုံးနိုင်ငံဖြစ်ပါသည်။ သို့သော်လည်း အဆိုပါရောင်းချမှုမှာ အိမ်နီးချင်းနိုင်ငံများသို့ တင်ပို့မှုဖြစ်ပါသည်။ ကမ္ဘာကျော် Notre-Dame Cathedral ရိုမန်ကတ်သိုလစ်ဘုရားကျောင်းကြီးမှာ လူဇင်ဘတ်မြို့တော်တွင်တည်ရှိပါသည်။



Notre-Dame Cathedral

## မြန်မာနိုင်ငံနှင့်ဆက်ဆံရေး

၁၁။ မြန်မာနိုင်ငံနှင့်သံတမန် ဆက်ဆံရေးစတင်ရန်အတွက် ၂၀၁၂ ခုနှစ်၊ ဩဂုတ်လ ၂၈ရက်နေ့တွင် လူဇင်ဘတ်နိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဖြစ်သော Jean Asselborn နှင့် ဘယ်လ်ဂျီယံနိုင်ငံဆိုင်ရာမြန်မာသံအမတ်ကြီး ဦးကျော်သန့်တို့ လက်မှတ်ရေးထိုးခဲ့သည်။ ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာ ၁၃ ရက်နေ့တွင် လူဇင်ဘတ်နိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော မြန်မာသံအမတ်ကြီးအဖြစ် ဦးပေါ်လွင်စိန်အား စတင်ခန့်အပ်ခဲ့ပြီး၊ ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာ ၂ရက်နေ့တွင် ထိုင်းနိုင်ငံအခြေစိုက် လူဇင်ဘတ်သံရုံးမှ သံအမတ်ကြီး H.E. Mr. Robert Lauer အား မြန်မာနိုင်ငံဆိုင်ရာ လူဇင်ဘတ်သံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူခဲ့သည်။ ၂၀၁၂ ခုနှစ်၊ဖေဖော်ဝါရီလ ၁၄ ရက်နေ့တွင် လူဇင်ဘတ်နိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဖြစ်သော Jean Asselborn သည် လူဇင်ဘတ်နှင့်မြန်မာနိုင်ငံတို့အကြား ပထမဆုံးအဆင့်မြင့်ချစ်ကြည်ရေးခရီးစဉ်အဖြစ် မြန်မာနိုင်ငံသို့လာရောက်ခဲ့သည်။ ထိုခရီးစဉ်အတွင်း လူဇင်ဘတ်သည် မြန်မာနိုင်ငံ၏စစ်အုပ်ချုပ်ရေးကာလနောက်ပိုင်း ဆက်ဆံရေးလုပ်ငန်းစဉ်ကို စတင်ခြင်းဖြစ်ကြောင်း လူဇင်ဘတ်နိုင်ငံခြားရေးဝန်ကြီးဌာနမှ ကြေငြာချက်ထုတ်ပြန်ခဲ့သည်။

## လူဇင်ဘတ်နိုင်ငံ၊ နိုင်ငံခြားရေးနှင့် ဥရောပရေးရာဝန်ကြီး

## HE. Mr. Jean Asselborn



HE. Mr. Jean Asselborn ကို ၁၉၄၉ ခုနှစ်၊ ဧပြီလ ၂၇ ရက်တွင် Steinfort မြို့တွင် မွေးဖွားခဲ့ပါသည်။ ၁၉၆၈ခုနှစ်တွင် လူဇင်ဘတ်မြို့တော် အုပ်ချုပ်ရေးအဖွဲ့သို့ဝင်ရောက်ခဲ့ပြီး ၁၉၆၉ ခုနှစ်တွင် အစိုးရဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ရန် Steinfort မြို့သို့ ပြန်လည်ရောက်ရှိလာသည်။ ၁၉၇၆ ခုနှစ်တွင် Final secondary school diploma ရရှိခဲ့သည်။

၁၉၈၁ ခုနှစ်တွင် Nancy II တက္ကသိုလ်မှ Private Judicial law ဖြင့် Master degree ရရှိခဲ့သည်။ ၁၉၇၆ ခုနှစ်တွင် Steinfort မြို့ ပြည်သူပိုင်ဆေးရုံ၏အုပ်ချုပ်သူ တစ်ဦးဖြစ်လာခဲ့ပြီး ၂၀၀၄ ခုနှစ်တိုင်အောင် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၈၂ ခုနှစ်တွင် သူသည် Steinfort မြို့တော်ဝန်ဖြစ်လာပြီး ၂၀၀၄ ခုနှစ်တိုင်အောင်ဆောင်ရွက်ခဲ့သည်။

Jean Asselborn သည် ၁၉၉၇ ခုနှစ်မှ ၂၀၀၄ ခုနှစ်အထိ Luxembourg Socialist Worker’ Party (LSAP) ၏သဘာပတိအဖြစ်

ဆောင်ရွက်ခဲ့ပြီး၊ ၁၉၈၉ ခုနှစ် မှ ၂၀၀၄ ခုနှစ်အထိ ဒေသဆိုင်ရာကော်မတီအဖွဲ့ဝင်ဖြစ်ခဲ့သည်။ ထို့အပြင် ၂၀၀၀ ခုနှစ် မှ ၂၀၀၄ ခုနှစ်အထိ European Socialist Party ၏ ဒု-ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ခဲ့သည်။

၂၀၀၄ ခုနှစ်၊ ဇူလိုင်လတွင် ဥရောပသမဂ္ဂ၏ဝန်ကြီးများ ကောင်စီတွင် အထွေထွေရေးရာနှင့်နိုင်ငံခြားရေးရာကိစ္စများ၌ လူဇင်ဘတ်အစိုးရ၏ ကိုယ်စားလှယ်ဖြစ်ခဲ့သည်။၂၀၀၉ခုနှစ်၊ ဇူလိုင်လတွင် Christian Social Party (CSV) Luxembourg Socialist Worker' Party (LSAP) တို့ ဖွဲ့စည်းထားသော ညွန့်ပေါင်းအစိုးရတွင် နိုင်ငံခြားရေးရာဝန်ကြီးနှင့် ဒုတိယဝန်ကြီးချုပ်အဖြစ် ပြန်လည်ရရှိခဲ့သည်။

၂၀၁၀ခုနှစ်၊ ဒီဇင်ဘာလတွင် ဂျာမနီ Federal သမ္မတနိုင်ငံ၏ Grand Cross of the Order of Merit ဆုကို အပ်နှံခြင်းကိုခံရပြီး ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလတွင် ပြင်သစ်သမ္မတနိုင်ငံ၏ Commander of the National Order of the Legion of Honour အဖြစ်ခန့်အပ်ခံရသည်။ ၂၀၁၂ခုနှစ်၊ အောက်တိုဘာလတွင် သူ၏စွမ်းဆောင်မှုဖြင့် လူဇင်ဘတ်သည် ၂၀၁၃ ခုနှစ်နှင့် ၂၀၁၄ခုနှစ်အတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် အမြဲတမ်းအဖွဲ့ဝင်မဟုတ်သော နေရာကို ပထမဆုံးအကြိမ် ရွေးချယ်ခံရသည်။

Jean Asselborn သည် ၂၀၁၃ခုနှစ်၊ အောက်တိုဘာ ၂၀ ရက် ဥပဒေပြုရေးရွေးကောက်ပွဲအရ ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာ ၄ ရက်တွင် Democratic Party (DP), LSAP နှင့် Green Party တို့ဖြင့် ဖွဲ့စည်းထားသော ညွန့်ပေါင်းအစိုးရတွင် ဥရောပရေးရာ၊ နိုင်ငံခြားရေးနှင့် လူဝင်မှုကြီးကြပ်ရေးဝန်ကြီးအဖြစ်ခန့်အပ်ခံရသည်။